# ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံကာကွယ်ရေး (စစ်ဆင်မှုအထူးစီမံချက်) အက်ဥပဒေ။*

**[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၀။]**
**(၁၉၅၆ ခုနှစ်၊ မတ်လ ၅ ရက်)**

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ *အမည်။* ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံကာကွယ်ရေး (စစ်ဆင်မှုအထူးစီမံချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ *အဓိပ္ပါယ်ဖော်ပြချက်။* ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားတို့၏ အဓိပ္ပါယ်နှင့်ဖြစ်စေ မဆန့်ကျင်လျှင် —

(က) "အခွင့်ရစစ်ဘက်ဆိုင်ရာအာဏာပိုင်" ဆိုသည်မှာ၊ တပ်မဟာမှူးရာထူး အောက်မနိမ့်သည့် စစ်ဘက်ဆိုင်ရာတပ်မှူးကိုဆိုလိုသည်။

(ခ) "စစ်ဘက်ဆိုင်ရာ" ဆိုသည့် စကားရပ်မှာ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကြည်းတပ်၊ ရေတပ်၊ သို့တည်းမဟုတ် လေတပ်ကို ရည်ညွှန်းသည် ဟု အဓိပ္ပါယ်ကောက်ယူရမည်။

(ဂ) "စစ်ဆင်မှု" ဆိုသည်မှာ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ် ရုံးက၊ အခါအားလျော်စွာထုတ်ဆင့်သည့် အမိန့်ဖြင့်ဖြစ်စေ၊ အမိန့် အရဖြစ်စေ၊ ရန်သူကို နှိမ်နင်းရန်ပြုလုပ်သော စစ်ဆင်မှုကို ဆိုလို သည်။

(ဃ) "ရန်သူ"ဆိုသည်မှာ၊ မြန်မာနိုင်ငံကြည်းတပ် အက်ဥပဒေ၏ ပုဒ်မ ၇၊ အပိုဒ် (၁၂) တွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်းဖြစ်သည်။

(င) "တားမြစ်ထားသည့်နေရာ" ဆိုသည်မှာ၊ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်မှု ကိစ္စအက်ဥပဒေ (The Myanmar Official Secrets Act) ၏ ပုဒ်မ ၂၊ အပိုဒ် (ဂ) တွင် အဓိပ္ပါယ်ဖော်ပြထားသည့်အတိုင်း တားမြစ်ထားသည့် နေရာကိုဆိုလိုသည်။

---

* *မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း - ၁၊ ၁၉၅၆ ခုနှစ်၊ မတ်လ (၁၇) ရက်၊ စာမျက်နှာ - ၄၄၄။*

၃။ ။ (၁) အခွင့်ရစစ်ဘက်ဆိုင်ရာ အာဏာပိုင်သည်၊ စစ်ဆင်မှုများ ပြုလုပ်နေစဉ်အတွင်း —

*တားမြစ်ထားသည့် နေရာများ။*

(က) မိမိ၏ ခွင့်ပြုချက်မရဘဲ မည်သူမျှ တားမြစ်ထားသည့်နေရာတစ်ခုခုသို့ ဝင်ရောက်ခြင်းမပြုရဟူ၍သော်လည်းကောင်း၊ ထိုနေရာပေါ်၌၊ သို့တည်းမဟုတ် ထိုနေရာအတွင်း မရှိရဟူ၍သော်လည်းကောင်း၊ ထိုနေရာပေါ်ဖြတ်သန်းသွားလာခြင်းမပြုရဟူ၍သော်လည်းကောင်း၊ ထိုနေရာအနီးတွင် ရစ်ဝဲနေခြင်းမလုပ်ရဟူ၍သော်လည်းကောင်း အမိန့်ထုတ်ဆင့်နိုင်သည်။

(ခ) တားမြစ်ထားသည့်နေရာသို့ ဝင်ရောက်သူများ၊ သို့တည်းမဟုတ် ဝင်ရောက်ရန်အားထုတ်သူများကိုသော်လည်းကောင်း၊ ထိုနေရာပေါ်၌၊ သို့တည်းမဟုတ် ထိုနေရာအတွင်း ရှိနေသူများကိုသော်လည်းကောင်း ရှာဖွေရန်နှင့်ထိုသို့ရှာဖွေရန်ကိစ္စအတွက် ထိုသူတစ်ဦးဦးကို ရပ်ဆိုင်းထားရန် မည်သူ့အားမဆို အာဏာအပ်နှင်းနိုင်သည်။ သို့ရာတွင် မိန်းမကို မိန်းမချင်းသာ ရှာဖွေရမည်၊

(၂) မည်သူမဆို ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်၍ တားမြစ်ထားသည့် နေရာတွင်ရှိနေလျှင် အခွင့်ရစစ်ဘက်ဆိုင်ရာ အာဏာပိုင်က၊ အာဏာအပ်နှင်းထားသူတစ်ဦးဦးသည်၊ ထိုသူကို ထိုနေရာမှ ထုတ်ပယ်နိုင်သည်။ ထိုသို့ထုတ်ပယ်ခြင်းမှာ ထုတ်ပယ်ခံရသူအပေါ် စွဲဆိုသော အခြားမည်သည့်မှုခင်းကိုမျှ ထိခိုက်ခြင်းမရှိစေရ။

(၃) မည်သူမဆို ဤပုဒ်မပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ တားမြစ်ထားသည့်နေရာတွင်ရှိနေလျှင်၊ ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၄။ ။ အခွင့်ရစစ်ဘက်ဆိုင်ရာအာဏာပိုင်သည်၊ စစ်ဆင်မှုများပြုလုပ်နေစဉ်အတွင်း၊ မည်သည့်နေရာသို့မဆို အခွင့်အမိန့်မရသူများ ဝင်ရောက်ခြင်းကိုတားမြစ်စိမ့်သောငှါ၊ အထူးကြိုတင် စီမံချက်များပြုလုပ်ရန်လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်သည်ဟု ယူဆလျှင် အမိန့်ဖြင့် ထိုနေရာကို ကာကွယ်ထားသည့်နေရာအဖြစ် ကြေညာနိုင်သည်။ ထိုပြင် ထိုသို့ကြေညာသည့်အခါ ပုဒ်မ ၃ ပါပြဋ္ဌာန်းချက်များနှင့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်မှုကိစ္စ အက်ဥပဒေပါပြဋ္ဌာန်းချက်များတွင် တားမြစ်ထားသည့်နေရာဆိုသည့် စကားရပ်များမှာ ကာကွယ်ထားသည့်နေရာဟူသော အဓိပ္ပါယ်ရှိဘိသကဲ့သို့ အဆိုပါနေရာသည် ထိုပြဋ္ဌာန်းချက်များနှင့်သက်ဆိုင်ရမည်။

*ကာကွယ်ထားသည့် နေရာများ။*

*ကာကွယ်ထားသည့် နယ်များ။*

၅။ ။ (၁) အခွင့်ရစစ်ဘက်ဆိုင်ရာအာဏာပိုင်သည်၊စစ်ဆင်မှုများပြုလုပ်နေစဉ်အတွင်း၊ နယ်တစ်ခုခုသို့ လူများဝင်ရောက်ခြင်းကို စည်းမျဉ်းသတ်မှတ်ရန် လိုအပ်သည်ဟု၊ သို့တည်းမဟုတ် သင့်သည်ဟု ယူဆလျှင်၊ ထိုနယ်ကို ကာကွယ်ထားသည့် နယ်အဖြစ် အမိန့်ထုတ်ပြန်ကြေညာနိုင်သည်။

(၂) ပုဒ်မခွဲ (၁) အရ ထုတ်ဆင့်သောအမိန့်တွင် သီးခြားဖော်ပြထားသည့် နေ့ရက်၌လည်းကောင်း၊ ထိုနေ့ရက်နောက်၌လည်းကောင်း ထိုအမိန့်ဖြင့် ပြဋ္ဌာန်းသည့် ကင်းလွတ်ခွင့်တစ်ရပ်ရပ်ကို မဆန့်ကျင်စေဘဲ၊ မည်သူမျှ အဆိုပါအမိန့်ဖြင့် ကာကွယ်ထားသည့်နယ်အဖြစ် ကြေညာထားသောနယ်တွင် အဆိုပါနေ့ရက်မတိုင်မီက နေထိုင်သူမဟုတ်လျှင်၊ အဆိုပါအမိန့်တွင် သီးခြား ဖော်ပြထားသည့် အာဏာပိုင်က၊ သို့တည်းမဟုတ် သီးခြားဖော်ပြထားသူက ထိုသူအား စာဖြင့် ရေးသားပေးသော အခွင့်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီမှ တစ်ပါးထိုနယ်တွင်မရှိရ။

(၃) မည်သူမဆို ဤပုဒ်မကို ဆန့်ကျင်၍ ကာကွယ်ထားသည့် နယ်တွင်ရှိနေလျှင်၊ အခွင့်ရစစ်ဘက်ဆိုင်ရာအာဏာပိုင်က အာဏာအပ်နှင်းထားသူတစ်ဦးဦးသည်၊ ထိုသူကို ထိုနေရာမှ ထုတ်ပယ်နိုင်သည်။ ထိုသို့ထုတ်ပယ်ခြင်းမှာ ထုတ်ပယ်ခံရသူအပေါ် စွဲဆိုသော အခြားမည်သည့်မှုခင်းကိုမျှ ထိခိုက်ခြင်းမရှိစေရ။

(၄) မည်သူမဆို၊ ဤပုဒ်မပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဆန့်ကျင်၍ ကာကွယ်ထားသည့်နယ်တွင် ရှိနေလျှင် ထိုသူကို သုံးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*ဖမ်းဆီးချုပ်နှောင်ပိုင်ခွင့် အာဏာ။*

၆။ ။ (၁) စစ်ဘက်ဆိုင်ရာအရာရှိတစ်ဦးဦးသည်၊ စစ်ဆင်မှုဆင်နွှဲရာတွင် အသုံးပြုသော တပ်ဖွဲ့တစ်ခု၌ပါဝင်လျှင်၊ သို့တည်းမဟုတ် ထိုတပ်ဖွဲ့နှင့်အတူ ပူးတွဲဆောင်ရွက်လျှင် စစ်ဘက်ဆိုင်ရာ ရာထမ်းမှုထမ်းများ၊ စစ်ဘက်ဆိုင်ရာပစ္စည်းများ၊ သို့တည်းမဟုတ် စစ်ဘက်ဆိုင်ရာအသုံးအဆောင်များ၊ ဘေးကင်းလုံခြုံမှုကို အန္တရာယ်ဖြစ်စေသော၊ သို့တည်းမဟုတ် အန္တရာယ်ဖြစ်အောင် ကူညီအားပေးသော ပြုမှုတစ်ခုခုကိုပြုပြီး၊ ပြုဆဲ၊ သို့တည်းမဟုတ် ပြုလတ္တံ့ဟုသင်္ကာမကင်းသူ တစ်ဦးဦးကို ဖမ်းဆီးနိုင်သည်။

(၂) မည်သည့်အရာရှိမဆို၊ ပုဒ်မခွဲ (၁) အရ၊ တစ်ဦးတစ်ယောက်သောသူကို ဖမ်းဆီးလျှင်၊ သို့ဖမ်းဆီးကြောင်းကို အခွင့်ရစစ်ဘက်ဆိုင်ရာ အာဏာပိုင်အား ချက်ခြင်းအစီရင်ခံရမည်။ ထို့ပြင် အခွင့်ရစစ်ဘက်ဆိုင်ရာအာဏာပိုင်ထံမှ အမိန့်မရမီ ထိုအရာရှိသည် အခွင့်ရစစ်ဘက်ဆိုင်ရာအာဏာ

ပိုင်က သာမန်၊ သို့တည်းမဟုတ် အထူးအမိန့်ဖြင့် သီးခြားသတ်မှတ်သည့်နေရာတွင်၊ ထိုသို့ဖမ်းဆီးထားသူကို အမိန့်စာဖြင့် အချုပ်ချထားနိုင်သည်။

သို့ရာတွင် —

(က) မည်သူကိုမျှ အခွင့်ရစစ်ဘက်ဆိုင်ရာအာဏာပိုင်ထံမှ အမိန့်မရဘဲ ဤပုဒ်မခွဲအရ၊ ခုနှစ်ရက်ထက်ပို၍ အချုပ်ချမထားရ။

(ခ) မည်သူကိုမျှ၊ ဤပုဒ်မခွဲအရ၊ သုံးလထက်ပို၍ အချုပ်ချမထားရ။

(၃) ပုဒ်မခွဲ (၂)ပါ ပြဋ္ဌာန်းချက်များအရ တင်သွင်းသည့် အစီရင်ခံစာကို ရရှိသောအခါ၊ အခွင့်ရစစ်ဘက်ဆိုင်ရာ အာဏာပိုင်သည်၊ ဤပုဒ်မအရ ဖမ်းဆီးထားသူကို ခေတ္တအချုပ်ချထားရန်၊ ပုဒ်မခွဲ (၂)၏ ဒုတိယခြွင်းချက်ကိုထောက်ထား၍၊ အကြောင်းအားလျော်စွာသင့်သည်၊ သို့တည်းမဟုတ် လိုအပ်သည်ထင်မြင်သည့်အတိုင်း အမိန့်ချမှတ်နိုင်သည့်ပြင်၊ သို့ထင်မြင်သည့်အတိုင်း ထိုသူကို ချုပ်နှောင်ထားရန်၊ သို့တည်းမဟုတ် လွှတ်ရန် အပြီးသတ်အမိန့်ကိုလည်း ချမှတ်နိုင်သည်။

(၄) နိုင်ငံတော်သမ္မတသည်၊ တစ်ဦးတစ်ယောက်သောသူအား၊ စစ်ဆင်မှုတစ်ခုခုထမြောက်အောင်မြင်ရေးအတွက် အားထုတ်မှု၊ ဆောင်ရွက်မှုတို့ကို ထိခိုက်အောင် တစ်နည်းနည်းဖြင့် ပြုမှုခြင်းမှ တားဆီးစိမ့်သောငှါ၊ ထိုသူနှင့်ပတ်သက်၍ အမိန့်ထုတ်ပြန်ရန် လိုအပ်သည်ဟု ယုံကြည်ကျေနပ်လျှင် —

(က) ထိုသူကို နိုင်ငံတော်သမ္မတက၊ အခါအားလျော်စွာ သတ်မှတ်သည့်နေရာတွင် ချုပ်နှောင်ထားရန် အမိန့်ချမှတ်နိုင်သည်။

(ခ) ထိုသူကို ပြည်ထောင်စုမြန်မာနိုင်ငံတွင် အမိန့်၌ သီးခြားဖော်ပြထားသည့်နေရာ၊ သို့တည်းမဟုတ် နယ်အတွင်းနေထိုင်စေရန်၊ သို့တည်းမဟုတ် ရှိနေစေရန်၊ ထို့ပြင် ထိုနေရာ၊ သို့တည်းမဟုတ် ထိုနယ်အတွင်း ထိုသူရှိနေပြီးမဟုတ်လျှင်၊ ထိုနေရာသို့၊ သို့တည်းမဟုတ် ထိုနယ်သို့ အမိန့်တွင်သတ်မှတ်ထားသည့်အချိန်အတွင်း သွားရောက်စေရန် အမိန့်ချမှတ်နိုင်သည်။

(၅) မည်သူမဆို၊ပုဒ်မခွဲ (၄)၊ အပိုဒ် (ခ) အရ ချမှတ်သည့်အမိန့်တစ်ခုခုကိုဆန့်ကျင်လျှင်၊ ထိုသူကိုခြောက်လအထိ၊ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

*အာဏာလွှဲအပ်ခြင်း။*

၇။ ။ နိုင်ငံတော်သမ္မတသည်၊ အမိန့်ထုတ်ပြန်၍ ပုဒ်မ ၆၊ ပုဒ်မခွဲ (၄) ဖြင့် မိမိအား အပ်နှင်းထားသည့် အာဏာတစ်ရပ်ရပ်ကို၊ ထိုအမိန့်တွင် သီးခြားဖော်ပြထားသည့် စည်းကမ်းချက် များနှင့်မဆန့်ကျင်စေဘဲ၊ ပြည်ထောင်စုမြန်မာနိုင်ငံလက်နက်ကိုင် တပ်ပေါင်းစုံ စစ်သေနာပတိချုပ် က သုံးစွဲရမည်ဟု ညွှန်ကြားနိုင်သည်။

*ပြစ်မှုများစစ်ဆေးစီရင်မှုကို ကန့်သတ်ခြင်း။*

၈။ ။ ပဋ္ဌမတန်းအာဏာရ ရာဇဝတ်တရားသူကြီးရုံးအောက်နိမ့်သောမည်သည့်တရားရုံးကမျှ ဤအက်ဥပဒေအရဖြစ်သော ပြစ်မှုတစ်ခုခုကို စစ်ဆေးစီရင်ခြင်း မပြုရ။

*သာမန်သက်မွေးဝမ်းကျောင်း အလုပ်အကိုင်များကို အနှောင့်အယှက်နည်းနိုင်သမျှ နည်းစေခြင်း။*

၉။ ။ ဤအက်ဥပဒေနှင့်အညီ ဆောင်ရွက်သည့်အာဏာပိုင်၊ သို့တည်းမဟုတ် သူတစ်ဦးတစ်ယောက်သည်၊ သာမန်အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်များကိုလည်းကောင်း၊ ပစ္စည်းနှင့် စပ်လျဉ်းသည့် အကျိုးခံစားမှုကို လည်းကောင်း၊ ရန်သူကိုနှိမ်နင်းသည့် စစ်ဆင်မှုထမြောက်အောင်မြင်စွာ ဆောင်ရွက်ရန် ကိစ္စနှင့်လျော်ညီစွာ နည်းနိုင်သမျှနည်းသည့် အနှောင့် အယှက်သာဖြစ်စေရမည်။

*အမိန့်နှင့်စပ်လျဉ်းသည့် ခြွင်းချက်များ။*

၁၀။ ။ (၁) ဤအက်ဥပဒေဖြင့်ဖြစ်စေ၊ ဤအက်ဥပဒေအရဖြစ်စေ အပ်နှင်းသည့် အာဏာကိုသုံးစွဲလျှက် ချမှတ်သောအမိန့်သည်၊ မခိုင်လုံဟု၊ မည်သည့်တရားရုံးတွင်မျှ ငြင်းဆိုပိုင်ခွင့် မရှိစေရ။

(၂) ဤအက်ဥပဒေဖြင့်ဖြစ်စေ၊ ဤအက်ဥပဒေအရဖြစ်စေ အပ်နှင်းသည့် အာဏာကို သုံးစွဲသည့်အနေဖြင့်၊ အရာရှိ၊ သို့တည်းမဟုတ် အာဏာပိုင်တစ်ဦးဦးက၊အမိန့်ကို လက်မှတ်ရေးထိုး၍ ထုတ်ဆင့်လျှင်၊ ထိုအမိန့်ကို ထိုအရာရှိ၊ သို့တည်းမဟုတ် ထိုအာဏာပိုင် မထုတ်ဆင့်ဟု သက်သေထင်ရှားမပြသေးသမျှ ကာလပတ်လုံး ထိုအမိန့်ကို ထိုအရာရှိက၊ သို့တည်းမဟုတ် ထိုအာဏာပိုင်က ထုတ်ဆင့်သည်ဟု တရားရုံးက သက်သေခံအက်ဥပဒေအဓိပ္ပါယ်သဘောအရ ယူဆရမည်။

*အက်ဥပဒေအရ အရေးယူဆောင်ရွက်မှုကို ကာကွယ်ခြင်း။*

၁၁။ ။ (၁) ဤအက်ဥပဒေနှင့်အညီ သဘောရိုးဖြင့် ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အပြုအမူတစ်ခုခုအတွက် မည်သူ့ကိုမျှ၊ တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ စွဲဆိုခြင်း မပြုရ။

(၂) ဤအက်ဥပဒေနှင့်အညီ ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့် အပြုအမူတစ်ခုခုကြောင့်၊ ပျက်စီးနစ်နာသည့်အတွက်၊ သို့တည်း မဟုတ် ပျက်စီးနစ်နာရန် အကြောင်းရှိသည့်အတွက်၊ ပြည်ထောင်စု မြန်မာနိုင်ငံပေါ်တွင် တရားမမှုဖြစ်စေ၊ အခြားမှုခင်းဖြစ်စေ စွဲဆိုခြင်း မပြုရ။

❖ ❖ ❖ ❖ ❖